ဒေသတွင်း အလားအလာကို
ဖန်တီးတည်ဆောက်ပေးခြင်း။

# ကျင့်ဝတ်စည်းမျဉ်း









နိုဝင်ဘာလ 2020

# မာတိကာ

Pact ဥက္ကဋ္ဌနှင့် CEO ဖြစ်သူထံမှ အမှာစကား .......................... 3

ကျွန်ုပ်တို့၏ ရည်မှန်းချက်နှင့် မျှော်မှန်းချက် .......................... 4

**သမာသမတ်ကျမှု ......................................5**

သမာသမတ်ကျမှု အစီအစဉ်

ပြင်ပအဖွဲ့အစည်းများ

ဘဏ္ဍာရေး သမာသမတ်ကျမှု

အလှူရှင် ကန့်သတ်ချက်များ

အချိန်မှတ်တမ်းများနှင့် အသုံးစရိတ်များ

စာချုပ်တစ်ခုချုပ်ဆိုခြင်း

ဘဏ္ဍာရေး သို့မဟုတ် စာရင်းအင်း မှုမမှန်မှုများ

လာဘ်ပေးလာဘ်ယူနှင့် လက်ဆောင်များ

ကုန်စည်/ဝန်ဆောင်မှုပံ့ပိုးပေးသူများ
အကျိုးစီးပွား ပဋိပက္ခဖြစ်မှုများ

ဉာဏ်ပညာဖြင့် ဖန်တီးထားသောပစ္စည်း မူပိုင်ခွင့်

**လေးစားမှု ............................................... 8**

ထိပါးနှောင့်ယှက်မှု ကင်းစင်သော အလုပ်ခွင်

အရွယ်ရောက်သူများနှင့်
ကလေးငယ်များအားအသုံးချအမြတ်ထုတ်ခြင်းနှင့်
မတော်မတရားပြုခြင်းမှ ကာကွယ်ပေးခြင်း

လူကုန်ကူးမှု တိုက်ဖျက်ရေး

လျှို့ဝှက်ထားရှိမှု

Pact ၏ ပစ္စည်းကိရိယာများကို သုံးစွဲခြင်း

နိုင်ငံရေးတွင် ပါဝင်ခြင်း

သဘာဝပတ်ဝန်းကျင်ကို အလေးထားမှု

**လူတန်းစားမရွေး၊ လူမျိုး၊ ဘာသာမရွေး ပါဝင်မှု ..............................................................11**

အသင်းအဖွဲ့လိုက်ဆောင်ရွက်ခြင်း မတူကွဲပြားမှု

တန်းတူညီမျှသော အလုပ်အကိုင်အခွင့်အလမ်းများ
လုပ်ငန်းခွင်တွင် မူးယစ်ဆေးဝါး သုံးစွဲခြင်း

လုပ်ငန်းခွင် အကြမ်းဖက်မှု

ကမ္ဘာလုံးဆိုင်ရာ ဘေးကင်းရေးနှင့် လုံခြုံရေး

**တာဝန်ခံမှု** ............................................... 13

ကျင့်ဝတ်စည်းမျဉ်းကို ဘယ်သူတွေ လိုက်နာရမလဲ။

မေးစရာ သို့မဟုတ် စိုးရိမ်ပူပန်မှုရှိပါက ဘာလုပ်ရမလဲ။

လက်တုံ့ပြန်မှုမခံရအောင် ကျွန်ုပ်ကို ကာကွယ်ပေးပါသလား။

ကျင့်ဝတ်နှင့် စည်းကမ်းလိုက်နာမှု ဟော့လိုင်းက

ဘယ်လိုအလုပ်လုပ်ပါသလဲ။

၎င်းကို ဘယ်အချိန်မှာ အသုံးပြုရမလဲ

ဟော့လိုင်း အင်္ဂါရပ်များ

လျှို့ဝှက်ထားရှိမှု

လုပ်ငန်းစဉ်

လှည့်ဖြားလိုသော ရည်ရွယ်ချက်

ကျင့်ဝတ်စည်းမျဉ်းကို ချိုးဖောက်မှုများအတွက် ခံယူရမည့် အကျိုးဆက်များ ရှိပါသလား။

နိဂုံး........................................................................................ 14

# Pact ဥက္ကဋ္ဌနှင့် CEO ထံမှ အမှာစကား

ချစ်လှစွာသော လုပ်ဖော်ကိုင်ဖက်များ-

Pact ရဲ့ကျင့်ဝတ်စည်းမျဉ်းအသစ်ဖြစ်တဲ့ **သမာသမတ်ကျမှု၊ လေးစားမှုနဲ့ လူတန်းစားမရွေး၊ လူမျိုး၊ ဘာသာမရွေးတန်းတူပါဝင်နိုင်မှု**ကို သင်တို့နဲ့ မျှဝေခွင့်ရတဲ့အတွက် ကျေနပ်ဝမ်းမြောက်မိပါတယ်။

Pact ကျင့်ဝတ်စည်းမျဉ်းဟာ ကျွန်ုပ်တို့ရဲ့အဓိက စံနှုန်းသုံးခုဖြစ်တဲ့ သမာသမတ်ကျမှု၊ လေးစားမှုနဲ့ လူတန်းစားမရွေး၊ လူမျိုး၊ ဘာသာမရွေး တန်းတူပါဝင်နိုင်မှုကို သင်တို့နဲ့ မျှဝေခွင့်ရတဲ့အတွက် ကျေနပ်ဝမ်းမြောက်မိပါတယ်။ ဒီစံနှုန်းတွေက မျှတတဲ့ လုပ်ငန်းခွင်တစ်ခုဖြစ်လာဖို့၊ ရပ်ရွာဒေသတွေရဲ့ အကျိုးတွေကို တာဝန်သိစွာ သယ်ပိုးထမ်းရွက်ပေးဖို့နဲ့ ကျွန်ုပ်တို့ကို ယုံယုံကြည်ကြည် အပ်နှံထားတဲ့ ငွေတွေကို ရိုးသားဖြောင့်မှန်စွာ ကြီးကြပ်ခန့်ခွဲပေးဖို့ဆိုတဲ့ ကျွန်ုပ်တို့ရဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်အောင် ကူညီပေးပါတယ်။

သမာသမတ်ကျမှုဟာ ကျွန်ုပ်တို့လုပ်သမျှ အရာတိုင်းရဲ့အခြေခံကျင့်ဝတ်ပဲဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ ကိုယ့်ကိုယ်ကို၊ ကျွန်ုပ်တို့ရဲ့မိတ်ဖက်တွေနဲ့၊ အစီအစဉ်မှာ ပါဝင်သူတွေ၊ အလှူရှင်တွေနဲ့ ကျွန်ုပ်တို့ကို အလုပ်လုပ်ပေးနေတဲ့ အဖွဲ့အစည်းတွေအပေါ် ရိုးသားမှုရှိရမှာဖြစ်ပါတယ်။ ဒီကျင့်ဝတ်စည်းမျဉ်းရဲ့ ရည်ရွယ်ချက်က သင် ကြုံတွေ့ကောင်း ကြုံတွေ့ရနိုင်တဲ့ အခြေအနေတိုင်းကို ပါဝင်အောင် ထည့်သွင်းဖို့ မဟုတ်ဘဲ Pact မှာ သင် လုပ်ဆောင်တဲ့ အလုပ်မှန်သမျှမှာ တတ်နိုင်သမျှ အမြင့်ဆုံးကျင့်ဝတ်စံနှုန်းနဲ့ ပညာရှင်စံနှုန်းတွေအတိုင်း ကိုက်ညီအောင် ကြိုးပမ်းဆောင်ရွက်ဖို့ သင့်ကို အားပေးလိုခြင်း ဖြစ်ပါတယ်။

လေးစားမှုဆိုတာ ကျွန်ုပ်တို့ အချင်းချင်းနဲ့ ကျွန်ုပ်တို့ အလုပ်လုပ်ပေးနေတဲ့ လူတွေအပေါ် အစဉ်အမြဲ ပြသရမယ့်အရာတစ်ခု ဖြစ်ပါတယ်။ Pact ဝန်ထမ်းတွေ အဖွဲ့လိုက် အလုပ်လုပ်ရာမှာ၊ အလုပ်တာဝန် တစ်ခုကနေ တစ်ခု၊ နိုင်ငံတစ်နိုင်ငံကနေ နောက်တစ်နိုင်ငံကို ကူးပြောင်းလုပ်ဆောင်ရာမှာ ပညာရှင်ပီသစွာ၊ ပူးပေါင်းဆောင်ရွက်ပြီး မျှဝေခံစားနိုင်တဲ့ ပုံစံမျိုးနဲ့ အလုပ်လုပ်တဲ့အခါ လေးစားမှုဆိုတာ ဖြစ်ပေါ်လာပါတယ်။ ကျွန်ုပ်တို့ အလုပ်လုပ်ပေးနေတဲ့ လူတိုင်းကို ပွင့်လင်းတဲ့စိတ်ထား၊ သူတို့ရဲ့အမြင်နဲ့ အတွေ့အကြုံကို

နားလည်မှုရှိရှိနဲ့ ချဉ်းကပ်ဖို့လည်း လိုပါတယ်။

လူတန်းစားမရွေး၊ လူမျိုး၊ ဘာသာမရွေး တန်းတူပါဝင်နိုင်မှုဆိုတာ ကျွန်ုပ်တို့လုပ်တဲ့အလုပ်တိုင်းမှာ လူတွေကို ဦးစားပေးစဉ်းစားတဲ့ အဓိကသော့ချက်ဖြစ်ပါတယ်။ ဒီနှစ်ကာလတွေတစ်လျှောက် Pact ဝန်ထမ်းတွေ အောင်မြင်ခဲ့တဲ့ ထူးချွန်ပြောင်မြောက်တဲ့ အလုပ်တွေနဲ့ သက်ရောက်မှုတွေ၊ သူတို့ရဲ့ စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး ပိုမိုကြိုးစားလုပ်ဆောင်တာတွေအတွက် ကျွန်ုပ်တို့ ဂုဏ်ယူပါတယ်။ အားလုံးကို ထောက်ပံ့ကူညီပေးနိုင်တဲ့ အကောင်းဆုံးနည်းလမ်းက မိမိကိုယ်တိုင် ကြီးပွားတိုးတက်အောင်လုပ်ဆောင်နိုင်တဲ့အပြင် တခြားသူတွေအတွက် ဘေးကင်းပြီး အားလုံးတန်းတူပါဝင်ခွင့်ရှိတဲ့ ပတ်ဝန်းကျင်တွေကို ဖန်တီးပေးနိုင်တဲ့ အလုပ်ခွင်တစ်ခုကို ပံ့ပိုးပေးဖို့ဖြစ်ပါတယ်။

ကျွန်ုပ်တို့ရဲ့ စံနှုန်းတွေကို လက်တွေ့ကျင့်သုံးဖို့အတွက် Pact မှာ လုပ်ဆောင်တဲ့ အလုပ်တိုင်းနဲ့ လုပ်ဆောင်ဖို့ပျက်ကွက်တဲ့ အရာတိုင်းအတွက် ကျွန်ုပ်တို့တစ်ဦးချင်းစီက တာဝန်ခံရမှာဖြစ်ပါတယ်။ ကျွန်ုပ်တို့တစ်ဦးချင်းစီတိုင်းက ကျင့်ဝတ်နဲ့အညီ လုပ်ဆောင်ဖို့တာဝန်ရှိသလို တခြားသူတွေကလည်း ကျင့်ဝတ်နဲ့အညီလုပ်ဆောင်ဖို့၊ ကျွန်ုပ်တို့ရဲ့ပျက်ကွက်မှုတွေကို သတင်းပို့တိုင်ကြားဖို့ အရေးကြီးပါတယ်။ ဒါမှသာ ပိုကောင်းအောင်လုပ်ဖို့ အခွင့်အလမ်းတွေ ရရှိလာမှာဖြစ်ပါတယ်။

Pact မှာ ကျွန်ုပ်တို့ နေ့စဉ်လုပ်ဆောင်တဲ့ အလုပ်တွေမှာ ကျင့်ဝတ်စည်းမျဉ်းကို အမြဲထည့်သွင်းလိုက်နာရမယ်ဆိုတဲ့ ကျွန်ုပ်တို့ရဲ့ကတိကဝတ်ကို ခိုင်မာစေဖို့ ကျွန်ုပ်တို့နဲ့ ပူးပေါင်းပါဝင်ပေးပါ။



# ကျွန်ုပ်တို့၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်

### မျှော်မှန်းချက်

လူတိုင်းလူတိုင်း မိမိတို့၏ အနာဂတ်ကို ပိုင်ဆိုင်ခွင့်ရှိသော ကမ္ဘာတစ်ခုဖန်တီးရေး။

### ရည်မှန်းချက်

ကျွန်ုပ်တို့သည် ဒေသတွင်း အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပြည်သူတို့၏ သဘောထားကို နားထောင်ပေးသော၊ ပြည်သူတို့လုပ်နိုင်စွမ်းရှိပြီး တက်ကြွအားမာန်ပြည့်စေသော စည်ပင်ဖြစ်ထွန်း၍ ကြံ့ကြံ့ခံသည့် လူ့အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရန် စနစ်ကျသော ဖြေရှင်းနည်းများကို ဖန်တီးပေးလျက်ရှိသည်။



# သမာသမတ်ကျမှု

*ကျွန်ုပ်တို့၏ ဂုဏ်သတင်းသည် ကျွန်ုပ်တို့အတွက် တန်ဖိုးအရှိဆုံး ပိုင်ဆိုင်မှုဖြစ်ပြီး ထိုပိုင်ဆိုင်မှုကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရမည်။*

## သမာသမတ်ကျရေး အစီအစဉ်

Pact တွင် အများပြည်သူ ကောင်းကျိုးဖြစ်ထွန်းစေရန် ဒါရိုက်တာဘုတ်အဖွဲ့က ထောက်ခံအတည်ပြုထားသော ရှင်းလင်းစွာ ဖော်ပြထားသည့် ရည်မှန်းချက်နှင့် ရည်ရွယ်ချက်တစ်ခု ရှိပါသည်။ ကျွန်ုပ်တို့၏ အစီအစဉ်များသည် ထိုရည်မှန်းချက်ကို ပံ့ပိုးပေးပြီး ကျွန်ုပ်တို့ အလုပ်လုပ်ပေးနေသော အဖွဲ့အစည်းများ၏ လိုအပ်ချက်များကို အသင့်ဖြည့်ဆည်းပေးရန်နှင့် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်နယ်ပယ်များတွင် ပြောင်းလဲမှုများနှင့် တီထွင်ဆန်းသစ်မှုများအပေါ် အလိုက်သင့်တုံ့ပြန်ရန် ရည်ရွယ်ရေးဆွဲထားပါသည်။ Pact သည် အစီအစဉ်တွင် ပါဝင်သူများ၊ အလှူရှင်များ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ဒေသအဖွဲ့အစည်းများ အပါအဝင် ကျွန်ုပ်တို့၏ လုပ်ငန်းနှင့်သက်ဆိုင်သူများထံ အစီရင်ခံတင်ပြရာတွင် ပွင့်လင်းမြင်သာမှုနှင့် မျှတမှုရှိရန် ကတိပြုပါသည်။ အစီအစဉ် အဆိုပြုချက်များ၊ လုပ်ငန်းများနှင့် အစီရင်ခံစာများ အားလုံးသည် အဖက်ဖက်မှ ပြည့်စုံ၍ တိကျမှန်ကန်မှုရှိကြောင်း သေချာစေရန် ဝန်ထမ်းတိုင်းတွင် တာဝန်ရှိပါသည်။

## ပြင်ပအဖွဲ့အစည်းများ

မိတ်ဖက်၊ ရန်ပုံငွေတစ်ဆင့်ပြန်လည်ရရှိသူ သို့မဟုတ် ကုန်စည်/ဝန်ဆောင်မှုပံ့ပိုးပေးသူတစ်ဦးကို အကဲဖြတ်ရာတွင် သင့်ကိုယ်သင် ပြန်မေးရမည့် အဓိကမေးခွန်းမှာ ၎င်းတို့ကို သင် ယုံကြည်၍ရသလား ဟူသော မေးခွန်းပင်ဖြစ်ပါသည်။ Pact နှင့် လက်တွဲလုပ်ကိုင်ရန် ပြင်ပအဖွဲ့အစည်းများကို ရွေးချယ်ရာတွင် သင့်လျော်သော ကြိုတင်စစ်ဆေးအကဲဖြတ်မှုကို ဆောင်ရွက်ပြီး နောက်ပိုင်းတွင်လည်း ဆက်လက်စောင့်ကြည့်အကဲဖြတ်ရန်မှာ သင့်တာဝန်ဖြစ်ပါသည်။ Pact သည် ဤလုပ်ငန်းပိုင်းအရ ဆက်နွယ်ပတ်သက်ရသည့်အခါ ကျွန်ုပ်တို့အနေဖြင့်

အဆိုပါလူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ ဂုဏ်သတင်း၊ လုပ်ရည်ကိုင်ရည်နှင့် လုပ်ငန်းတွင်း ကျင့်သုံးသည့်အလေ့အထများနှင့် ထိန်းချုပ်မှု ဆောင်ရွက်ချက်များကို ထိထိရောက်ရောက် အာမခံပေးရာရောက်ပါသည်။ ဤဆက်နွယ်ပတ်သက်ရာတွင် သတိကြီးကြီးထားပါ။

## ဘဏ္ဍာရေး သမာသမတ်ကျမှု

501(c) ထောက်ခံချက်ရ အကျိုးအမြတ်မဖက်သော အဖွဲ့အစည်းတစ်ခုအဖြစ် Pact ၏ကိုယ်စား ကျွန်ုပ်တို့သုံးစွဲသော ငွေများသည် ကျွန်ုပ်တို့ပိုင်ငွေများမဟုတ်ဘဲ အခြားသူများ ပိုင်ဆိုင်သော ငွေများဖြစ်ပြီး အစီအစဉ်များ၊ တီထွင်ဆန်းသစ်မှုနှင့် ကျွန်ုပ်တို့ အလုပ်လုပ်ပေးနေသည့် အဖွဲ့အစည်းနှင့် လူအများ ပိုမိုကောင်းကျိုးဖြစ်ထွန်းရေးအတွက် သတ်မှတ်ထားသည့်အတိုင်း သုံးစွဲရန် ကျွန်ုပ်တို့ကို အပ်နှံ၍ ထိန်းသိမ်းစောင့်ရှောက်ထားခိုင်းသည့် ငွေများဖြစ်ပါသည်။ Pact ရှိ ဝန်ထမ်းတိုင်းနှင့် ကျွန်ုပ်တို့နှင့် တွဲ၍အလုပ်လုပ်သော လူတိုင်းသည် ထိုငွေများကို သင့်လျော်စွာ သုံးစွဲကြောင်းနှင့် ကျွန်ုပ်တို့၏ ငွေကြေးမှတ်တမ်းများမှာ ပြည့်စုံတိကျမှုရှိကြောင်း သေချာစေရန် တာဝန်ရှိပါသည်။ ယင်းကိုမှန်မှန်ကန်ကန် ဆောင်ရွက်ရန် သင်သည် Pact ၏ လုပ်ငန်းတွင်း ထိန်းချုပ်မှုများ ပါဝင်သည့် စနစ်ကို လိုက်နာပြီး ကျွန်ုပ်တို့ အလုပ်လုပ်ကိုင်သည့် နိုင်ငံတိုင်းတွင် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။

- **အလှူရှင် ကန့်သတ်ချက်များ**

  Pact ဝန်ထမ်းတိုင်းသည် ရန်ပုံငွေများကို အဖွဲ့အစည်း၏ ရည်မှန်းချက်နှင့် အလှူရှင်၏ ရည်ရွယ်ချက်နှင့်အညီ သုံးစွဲရန် ငွေကြေးအပ်နှံခံရသူအဖြစ် လိုက်နာရမည့် တာဝန်တစ်ခုရှိပါသည်။ သင် လုပ်ကိုင်နေသော အစီအစဉ်များ၏ လိုအပ်ချက်များနှင့် ကန့်သတ်ချက်များအကြောင်း လေ့လာရန် သင့်တွင် တာဝန်ရှိပါသည်။ Pact အနေဖြင့် ကျွန်ုပ်တို့၏ အလုပ်ကို ရန်ပုံငွေထောက်ပံ့ပေးနေသော အလှူရှင်များ၏ ယုံကြည်မှုကို ဆုံးရှုံးသွားပါက ခက်ခက်ခဲခဲ တည်ဆောက်ထားရသည့် ကျွန်ုပ်တို့၏ ဂုဏ်သတင်းကို ထိခိုက်မှုအား အဖက်ဆယ်ရန် နှစ်ပေါင်းများစွာကြာနိုင်ပါသည်။

အစိုးရထံမှ ငွေကြေးထောက်ပံ့မှု ရရှိရန် မှားယွင်းသော သို့မဟုတ် လိမ်လည်ထားသော တောင်းဆိုချက်များ၊ မှတ်တမ်းများ သို့မဟုတ် ငွေစာရင်းရှင်းတမ်းများကို တင်ပြခြင်း သို့မဟုတ် ယင်းသို့တင်ပြမှုကို ဖြစ်ပေါ်စေခြင်းမှာ တရားမဝင်ဟု ပြဋ္ဌာန်းထားသည့် စည်းမျဉ်းများနှင့် ဥပဒေများရှိပြီးအမေရိကန်ပြည်ထောင်စု အစိုးရထံမှ ရန်ပုံငွေများ အပါအဝင် အစိုးရရန်ပုံငွေများသည် အဆိုပါ စည်းမျဉ်းဥပဒေများကို လိုက်နာရသည်။ ယင်းဥပဒေများအပြင် Pact မူဝါဒများကို ချိုးဖောက်မှုများ ဖြစ်ပွားပါက တရားမ ရေးရာနှင့် ပြစ်မှုဆိုင်ရာ ပြစ်ဒဏ်နှစ်မျိုးလုံးကို ခံရနိုင်ပါသည်။

- **အချိန်မှတ်တမ်းများနှင့် အသုံးစရိတ်များ**

  သင်သည် အချိန်မှတ်တမ်းများနှင့် အသုံးစရိတ် အစီရင်ခံစာများနှင့် ပတ်သက်လာပါက အမြဲရိုးသားမှုရှိရမည်။ ယင်းက အဲသည်လောက်ပင် ရိုးရှင်းပါသည်။ သင်သည် ငွေပြန်ထုတ်ပေးရန် အသုံးစရိတ်စာရင်းတစ်ခုကို တင်ပြသောအခါ သို့မဟုတ် Pact ၏ ကိုယ်စား ငွေသုံးစွဲသောအခါ အသုံးစရိတ်မှာ ကျိုးကြောင်းဆီလျော်ပြီး အဖွဲ့အစည်း၏ ရည်မှန်းချက်နှင့် တိုက်ရိုက်ဆက်စပ်မှုရှိသလို သင့်လျော်သော အထောက်အထားများဖြင့် သက်သေပြနိုင်ကြောင်း သေချာပါစေ။ မန်နေဂျာများသည် ၎င်းတို့၏ လက်အောက်ဝန်ထမ်းများက သုံးစွဲသော ငွေအားလုံးအတွက် တာဝန်ရှိပြီး အချိန်မှတ်တမ်းနှင့် အသုံးစရိတ် အစီရင်ခံစာ တင်ပြချက်များကို အတည်မပြုမီ သေသေချာချာ ပြန်လည်သုံးသပ်ရမည်။

- **စာချုပ်တစ်ခု ချုပ်ဆိုခြင်း**

  အဖွဲ့အစည်းတွင် သင့်ရာထူးက မည်သို့ပင်ဖြစ်စေကာမူ Pact ၏ ကိုယ်စား စာချုပ်တစ်ခု ချုပ်ဆိုခြင်းသည် အလွန်အရေးကြီးသော ကိစ္စဖြစ်ပါသည်။ သင်သည် လုပ်ပိုင်ခွင့်လွှဲအပ်စာ သို့မဟုတ် စာချုပ်တွင် လက်မှတ်ထိုးပိုင်ခွင့် မူဝါဒအရ သင့်ကို လုပ်ပိုင်ခွင့်ပေးထားခြင်း မရှိလျှင် စာချုပ်တစ်ခုကို ချုပ်ဆိုနိုင်ခြင်းမရှိပါ။ သင့်အနေဖြင့် စာချုပ်တစ်ခုကို ချုပ်ဆိုရန် လုပ်ပိုင်ခွင့်ရှိသည့်တိုင် စာချုပ်သည် အဖွဲ့အစည်း၏အကျိုးအတွက် အကောင်းဆုံးဖြစ်မဖြစ် သေချာစဉ်းစားပါ။

- **ဘဏ္ဍာရေး သို့မဟုတ် စာရင်းအင်း မှုမမှန်မှုများ**

  သင်သည် Pact ၏ ငွေအဝင်အထွက်၊ မှတ်တမ်း သို့မဟုတ် ငွေစာရင်းတစ်ခုခုကို ဘယ်သောအခါမျှ မမှန်မကန်မလုပ်သင့်ပါ။ သင်သည် ဘဏ္ဍာရေး စာရင်းစစ်မှုမှန်သမျှတွင် ပူးပေါင်းဆောင်ရွက်ပေးရန် လိုပါသည်။ သင့်အနေဖြင့် အထက်တွင်ဖော်ပြထားသော လုပ်ဆောင်ချက်တစ်ခုခုကို သံသယရှိပါက သို့မဟုတ် သတိပြုမိပါက သို့မဟုတ် ထိုကိစ္စရပ်အတွက် ဘဏ္ဍာရေး သမာသမတ်ကျမှု သို့မဟုတ် ဘဏ္ဍာရေး တာဝန်နှင့် ပတ်သက်ပြီး မှုမမှန်မှုတစ်ခုခုကို သံသယရှိပါက သို့မဟုတ် သတိပြုမိပါက ၎င်းတို့ကို ကျင့်ဝတ်နှင့်

စည်းကမ်းလိုက်နာရေးရုံး သို့မဟုတ် Pact ၏ ကျင့်ဝတ်ရေးရာ သတင်းပို့တိုင်ကြားရေး ဟော့လိုင်းဖြစ်သော EthicsPoint သို့ ချက်ချင်းသတင်းပို့ပါ။

## လာဘ်ပေးလာဘ်ယူနှင့် လက်ဆောင်များ

အဖွဲ့အစည်းအားလုံးကဲ့သို့ပင် Pact သည် ကမ္ဘာတစ်ဝှမ်းရှိ လုပ်ငန်းဆောင်ရွက်မှု အမျိုးအစားအားလုံးလိုလိုတွင် လာဘ်ပေးလာဘ်ယူမှုကို တားမြစ်ထားသော ဥပဒေများစွာကို လိုက်နာရပါသည်။ Pact တွင်အလုပ်လုပ်သော ကျွန်ုပ်တို့အတွက် စည်းကမ်းချက်မှာ ရိုးရှင်းပါသည် – မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းရင်းအတွက်မဆို မည်သူ့ကိုမျှ လာဘ်မထိုးပါနှင့်။

Pact တွင် လက်ဆောင်အပေးအယူ မလုပ်ရေး မူဝါဒတစ်ခုလည်း ရှိပါသည်။ သင်သည် Pact တွင် သင် အလုပ်လုပ်ကိုင်မှု တစ်စိတ်တစ်ပိုင်းအဖြစ် အခြားသူများကို လက်ဆောင်များပေးခြင်း၊ ဖျော်ဖြေရေး စီစဉ်ပေးခြင်း သို့မဟုတ် အခြားလုပ်ငန်း လောကဝတ်များပြုခြင်း သို့မဟုတ် အခြားသူများထံမှ ၎င်းတို့ကိုလက်ခံခြင်း မပြုရပါ။ ယေဘုယျအားဖြင့် သေးငယ်သောပစ္စည်းများ သို့မဟုတ် တန်ဖိုးအနည်းအကျဉ်းမျှသာဖြစ်သော အစားအသောက်များကဲ့သို့ ဈေးမကြီးသော၊ ငွေသားမဟုတ်သော "လက်ဆောင်များ" ကို လက်ခံခြင်း သို့မဟုတ် ပေးခြင်းကို ခွင့်ပြုပါသည်။ သင့်တွင်မေးစရာများ ရှိပါက ကျင့်ဝတ်နှင့် စည်းကမ်းလိုက်နာရေးရုံးသို့ ဆက်သွယ်ပါ။

ကျွန်ုပ်တို့အနေဖြင့် လက်ဆောင်၊ ဖျော်ဖြေရေး သို့မဟုတ် အခြားလုပ်ငန်းလောကဝတ်တို့သည် လာဘ်ပေးလာဘ်ယူမှု သို့မဟုတ် အကျိုးစီးပွား ပဋိပက္ခဖြစ်မှုအဖြစ် မှတ်ထင်သွားနိုင်သည့် အဖြစ်ကို ရှောင်ရှားလိုပါသည်။ အထူးသဖြင့် သင်က တန်ဖိုးရှိသော အရာတစ်ခုခုကို တောင်းခံခြင်း သို့မဟုတ် လက်ခံခြင်းကို တင်းတင်းကျပ်ကျပ် တားမြစ်ထားသည့် စည်းမျဉ်းများကို လိုက်နာရသော အစိုးရအရာရှိများနှင့် ဆက်ဆံဆောင်ရွက်ရသည့်အခါ ပြဿနာဖြစ်လာနိုင်ပါသည်။

## ကုန်စည်/ဝန်ဆောင်မှုပံ့ပိုးပေးသူများ

ကျွန်ုပ်တို့သည် Pact အတွက် အကောင်းဆုံးဖြစ်နိုင်သည့် သဘောတူညီချက်ကို အမြဲရရှိအောင် ကြိုးပမ်းသင့်ပါသည်။ သင်က အကောင်းဆုံး ကမ်းလှမ်းချက်ကိုရရှိကြောင်း သေချာစေရန် အပြိုင်စျေးနှုန်းအဆိုပြုချက်များကို အမြဲလိုလို တောင်းခံရန် လိုအပ်ပါသည်။ စျေးနှုန်းမှာ အလွန်အရေးကြီးသော်လည်း ထိုအချက်တစ်ခုတည်းကိုပင် ထည့်မတွက်သင့်ပါ။ အရည်အသွေး၊ ဝန်ဆောင်မှု၊ ယုံကြည်စိတ်ချရမှုနှင့် အဆိုပြုထားသည့် သဘောတူညီချက်၏ စည်းကမ်းချက်များနှင့် သတ်မှတ်ချက်များကိုလည်း အဆုံးသတ် ဆုံးဖြတ်ချက်ချရာတွင် ထည့်တွက်စဉ်းစားရပါသည်။ နောက်ထပ် အချက်အလက်များအတွက် Pact ၏ စျေးနှုန်း တွက်ချေကိုက်မှု မူဝါဒနှင့် ဝယ်ယူရေး မူဝါဒကို ကြည့်ပါ။

## အကျိုးစီးပွား ပဋိပက္ခဖြစ်မှုများ

သင်သည် Pact နှင့် ကျွန်ုပ်တို့၏လုပ်ငန်းနှင့် သက်ဆိုင်သူများ၏ ကုန်ကျစရိတ်ဖြင့် သင့်ကို၊ သင့်မိတ်ဆွေများ၊ မိသားစု သို့မဟုတ် ဆက်စပ်နေသော လုပ်ငန်းတစ်ခုကို အကျိုးအမြတ်ရလာစေနိုင်သည့် အခြေအနေတစ်ခုတွင် ရှိနေသောအခါ သင်သည် ထင်မြင်ယူဆနိုင်သော သို့မဟုတ် အမှန်တကယ်ဖြစ်နေသော အကျိုးစီးပွား ပဋိပက္ခတစ်ခုနှင့် ရင်ဆိုင်နေရခြင်းဖြစ်ပါသည်။ ထိုအလုပ်ကိုမလုပ်မီ ခဏရပ်၍စဉ်းစားသင့်ပါသည်။ သင့်တွင် ရွေးချယ်စရာနှစ်ခုရှိပါသည်- (1) ထိုအလုပ်ကိုမလုပ်ဘဲ ဖြစ်လာနိုင်သော ပဋိပက္ခကို ရှောင်ကြဉ်ခြင်း သို့မဟုတ် (2) Pact ရှိ သင့်မန်နေဂျာ နှင့်/သို့မဟုတ် ကျင့်ဝတ်နှင့် စည်းကမ်းလိုက်နာရေး ရုံးသို့ ဆက်သွယ်၍ ဖြစ်လာနိုင်သော အကျိုးစီးပွား ပဋိပက္ခနှင့် ထောက်ခံထားသော လုပ်ဆောင်ပုံနည်းလမ်းအကြောင်း ဆွေးနွေးကာ အကြံဉာဏ်ရယူခြင်း။ နောက်ထပ်အချက်အလက်များအတွက် အကျိုးစီးပွား ပဋိပက္ခဖြစ်မှု မူဝါဒကို ကြည့်ပါ။

ယင်းမှာ အပြည့်အစုံပါဝင်သော စာရင်းတစ်ခုမဟုတ်သော်လည်း ဤအခြေအနေများသည် ထင်မြင်ယူဆနိုင်သော သို့မဟုတ် အမှန်တကယ်ဖြစ်သော အကျိုးစီးပွား ပဋိပက္ခများကို ဖန်တီးနိုင်သဖြင့် ၎င်းတို့ကို သင့်မန်နေဂျာနှင့် ဆွေးနွေး၍ အကြံဉာဏ်ရယူပါ-

- Pact နှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် သင့်မိတ်ဆွေများ သို့မဟုတ် မိသားစုဝင်များကို အလုပ်ခန့်ခြင်း သို့မဟုတ် ၎င်းတို့နှင့်တွဲ၍အလုပ်လုပ်ခြင်း။
- သင်၊ သင့်မိတ်ဆွေများ သို့မဟုတ် မိသားစုတို့က ငွေကြေးအကျိုးအမြတ် ရရှိသော လုပ်ငန်း ဆက်နွှယ်မှုများတွင် ပါဝင်ခြင်း။

- အခြားအဖွဲ့အစည်းတွင် အတတ်ပညာပိုင်းဆိုင်ရာ ရာထူးတာဝန်တစ်ခုကို ယူခြင်း သို့မဟုတ် အခြားအလုပ်ကို လက်ခံခြင်း။
- လုပ်ဖော်ကိုင်ဖက်များနှင့် ချစ်ရေးချစ်ရာ ဆက်ဆံရေးများ ထားရှိခြင်း။

## မီဒီယာ ဆက်ဆံရေးများ

ဝန်ထမ်းတစ်ဦးကို မီဒီယာတစ်ခုက လာရောက်ဆက်သွယ်သည့်အခါတိုင်း သို့မဟုတ် မီဒီယာတစ်ခုတွင် ပါဝင်လိုသည့်အခါတိုင်း — အထူးသဖြင့် အရေးအခင်းပြဿနာတစ်ခုကို ဖြေရှင်းပြောဆိုရန်အခါမျိုးတွင်— Pact ၏ ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ပြောဆိုမှုများကို ဘက်စုံပေါင်းစည်းထားသော ဆက်သွယ်ရေးနည်းလမ်းများဖြင့် အထူးသတိထား၍ စီမံခန့်ခွဲပြီး ညှိနှိုင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ကြောင်း သေချာစေရန် မီဒီယာတွင် ပါဝင်မှု မူဝါဒကို လိုက်နာရမည်။ နောက်ထပ်အသေးစိတ်သိရှိရန် မီဒီယာတွင် ပါဝင်မှု မူဝါဒကို ကိုးကားဖတ်ရှုပါ။

## ဉာဏ်ပညာဖြင့် ဖန်တီးထားသောပစ္စည်း

Pact ၏ ဉာဏပစ္စည်းမူပိုင်ခွင့်များ (ဥပမာ- အမှတ်တံဆိပ်၊ ကုန်အမှတ်တံဆိပ်များ၊ လိုဂိုများ၊ ဓာတ်ပုံများ၊ အသိပညာ၊ အချက်အလက်များ၊ နည်းပညာများ၊ ပလက်ဖောင်းများနှင့် မူပိုင်ခွင့်များ) သည် အဖိုးတန်သော ပိုင်ဆိုင်မှုများ ဖြစ်ပါသည်။ ၎င်းတို့ကို Pact က ပိုင်ဆိုင်ပြီး ဝန်ထမ်းများနှင့် ပြင်ပအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ကိုယ်ကျိုးအတွက် ထိုပိုင်ဆိုင်မှုများကို ယူ၍ အသုံးပြုခွင့်မရှိပါ။ ဤအကြောင်းကြောင့် သင်သည် ကျွန်ုပ်တို့၏ဉာဏပစ္စည်းကို ပြင်ပအဖွဲ့အစည်းများအား အကန့်အသတ်ဖြင့် အသုံးပြုခွင့်မပေးမီ ၎င်းတို့နှင့် သင့်လျော်သော သဘောတူစာချုပ်များ သေချာချုပ်ဆိုခြင်းအားဖြင့် Pact ၏ ဉာဏပစ္စည်းကို ကာကွယ်ပေးရမည်။ ထိုနည်းတူပင် အခြားသူများ၏ ဉာဏပစ္စည်းမူပိုင်ခွင့်များကိုလည်း လေးစားရမည်ဖြစ်ပြီး Pact ရှိ သင့်အလုပ်တွင် ၎င်းတို့ပိုင် အချက်အလက် ပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ အသုံးမပြုရပါ။

# လေးစားမှု

*ကျွန်ုပ်တို့သည် လူအားလုံးတွင် မွေးရာပါ အခွင့်အရေးများ၊ လွတ်လပ်ခွင့်၊ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှမှု ရှိသင့်သည်ဟု ယုံကြည်ပြီး Pact ဝန်ထမ်းများနှင့် ကျွန်ုပ်တို့ အလုပ်လုပ်ပေးနေသည့် လူအားလုံးအတွက် ဤအခွင့်အရေးများကို ကာကွယ်ပေးရန် ကြိုးပမ်းသွားပါမည်။*

## ထိပါးနှောင့်ယှက်မှု ကင်းစင်သော အလုပ်ခွင်

လွန်စွာဖိအားများသော ပတ်ဝန်းကျင်တစ်ခုတွင် အလုပ်လုပ်ရခြင်းသည် ရံဖန်ရံခါ အလုပ်တွင် သင်၏ လုပ်ဖော်ကိုင်ဖက် စိတ်ဓာတ်ဖြင့် လုပ်ဆောင်နိုင်စွမ်းကို ထိခိုက်စေနိုင်သည်။ သို့စေကာမူ မည်သည့်ရာထူးတွင်ဖြစ်စေ Pact ဝန်ထမ်းတိုင်းသည် ပညာရှင်ပီသစွာနှင့် မျှတစွာ ဆောင်ရွက်ရန် အမြဲတာဝန်ရှိပါသည်။

Pact အနေဖြင့် ၎င်း၏ဝန်ထမ်းများ၊ မိတ်ဖက်များ၊ ရန်ပုံငွေတစ်ဆင့်ပြန်လည်ရရှိသူများ သို့မဟုတ် ၎င်း၏ အစီအစဉ်များနှင့် ဆက်စပ်နေသော အခြားကိုယ်စားလှယ်များက လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုတွင် ပါဝင်ပတ်သက်ခြင်းကိုလည်း လုံးဝလက်သင့်ခံမည်မဟုတ်ပါ။

Pact အနေဖြင့် နှုတ်ဖြင့်၊ ကိုယ်ထိလက်ရောက် သို့မဟုတ် အမြင်ပိုင်းအရ ထိပါးနှောင့်ယှက်မှု၊ နိုင်ထက်စီးနင်းပြုမှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ပုံစံမှန်သမျှကို တားမြစ်ထားပြီး ပို၍အပြည့်အစုံကို ကျွန်ုပ်တို့၏ [ထိပါးနှောင့်ယှက်မှုနှင့် ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး မူဝါဒ](#)တွင် ဆွေးနွေးထားပါသည်။ သင်သည် Pact ရှိ လူတစ်ဦးဦး သို့မဟုတ် Pact နှင့် ပတ်သက်သော ပြင်ပအဖွဲ့အစည်းတစ်ခုက သင့်ကို ထိပါးနှောင့်ယှက်သည်ဟု ယုံကြည်ပါက ၎င်းကို ဝန်ထမ်းရေးရာ စီမံခန့်ခွဲရေး ကိုယ်စားလှယ် သို့မဟုတ် [EthicsPoint](#) သို့ ချက်ချင်းသတင်းပို့တိုင်ကြားရန် အထူးတလည် တိုက်တွန်းပါသည်။

# အရွယ်ရောက်သူများနှင့် ကလေးငယ်များအား အသုံးချအမြတ်ထုတ်ခြင်းနှင့် မတော်မတရားပြုခြင်းမှ ကာကွယ်ပေးခြင်း

Pact သည် ၎င်း၏ဝန်ထမ်းများ သို့မဟုတ် ၎င်း၏အစီအစဉ်များနှင့် ဆက်စပ်သော ပြင်ပအဖွဲ့အစည်းများက အရွယ်ရောက်သူများနှင့် ကလေးငယ်များအား အသုံးချအမြတ်ထုတ်ခြင်း သို့မဟုတ် မတော်မတရားပြုခြင်း ပုံစံတစ်ခုခုတွင် ပါဝင်ပတ်သက်ခြင်းကို လုံးဝလက်သင့်ခံမည်မဟုတ်ပါ။ Pact အနေဖြင့် ယင်းကဲ့သို့ လက်မခံနိုင်သော အပြုအမူမျိုးကို လုံးဝသည်းမခံပါ။ ကျွန်ုပ်တို့၏ရည်မှန်းချက်မှာ လူ့အဖွဲ့အစည်းကို ကူညီပေးရန်ဖြစ်ပြီး ကျွန်ုပ်တို့၏ အစီအစဉ်တွင် ပါဝင်သူများနှင့် ကျွန်ုပ်တို့ အလုပ်လုပ်ပေးနေသော အဖွဲ့အစည်းများကို အသုံးချအမြတ်ထုတ်ရန် သို့မဟုတ် အခြားသူများက အသုံးချအမြတ်ထုတ်ခြင်းကို ခွင့်ပြုရန် မဟုတ်ပါ။

ကျွန်ုပ်တို့အားလုံး သိထားသည့်အတိုင်း ကလေးငယ်များ၊ အမျိုးသမီးများနှင့် လူနည်းစုများသည် အထူးသဖြင့် ဆင်းရဲနွမ်းပါးမှု၊ အရေးအခင်းနှင့် ပဋိပက္ခဖြစ်နေသော အခြေအနေများတွင် ၎င်းတို့ကို မတော်မတရားပြုခြင်းနှင့် အသုံးချအမြတ်ထုတ်ခြင်း ခံရနိုင်ခြေ အလွန်အမင်း မြင့်မားသဖြင့် ၎င်းတို့အတွက် ပိုမိုမြင့်မားသော ကာကွယ်မှုစံနှုန်းများကို ချမှတ်ပေးသင့်သည်။ Pact အနေဖြင့် မတော်မတရားပြုသူက Pact နှင့် ဆက်စပ်သည်ဖြစ်စေ၊ မဆက်စပ်သည်ဖြစ်စေ ၎င်းတို့ကို မတော်မတရားပြုခြင်းနှင့် အသုံးချအမြတ်ထုတ်ခြင်း အားလုံးမှ ကာကွယ်ပေးရန် ကတိပြုထားပါသည်။ သင်သည် Pact တွင် အလုပ်လုပ်သည့်ကာလတစ်လျှောက်လုံး ကလေး သို့မဟုတ် လူကြီးအား ယင်းသို့ပြုမူသည်ကို သတိပြုမိပါက သို့မဟုတ် သံသယရှိပါက ၎င်းကိုတိုင်ကြားရပါမည်။

ကျွန်ုပ်တို့သည် ဒေသတွင်းယဉ်ကျေးမှုများနှင့် ဥပဒေများကို အလေးထားသော်လည်း တစ်ခါတစ်ရံတွင် Pact မူဝါဒများသည် ကွဲပြားနိုင်ပြီး ပို၍တင်းကျပ်သော မျှော်မှန်းချက်များ ရှိနိုင်သည်ကို သတိပြုပါ။ အခြားသက်ဆိုင်ရာ တရားရေး ပြဋ္ဌာန်းချက်များအပြင် ကျွန်ုပ်တို့၏ ကာကွယ်ရေးမူဝါဒဆိုင်ရာ ပြဋ္ဌာန်းချက်များလည်း ရှိပါသည်။ နောက်ထပ်အချက်အလက်များကိုသိရှိရန် ကျွန်ုပ်တို့၏ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် စော်ကားမှု ကာကွယ်ရေး မူဝါဒနှင့် ကျွန်ုပ်တို့၏ ကလေးသူငယ် ကာကွယ်ရေးမူဝါဒကို ကြည့်ရှုသုံးသပ်ပါ။

## လူကုန်ကူးမှု တိုက်ဖျက်ရေး

ကျွန်ုပ်တို့သည် လူကုန်ကူးမှု တိုက်ဖျက်ရန်အတွက် ကတိပြုထားပါသည်။ တရားမဝင် ကုန်ကူးမှုဖြစ်ရပ်များအတွက် စွပ်စွဲချက်များကို ချက်ချင်း၊ သင့်တော်စွာ တုံ့ပြန်ရန်မှာ သင့်တာဝန်ဖြစ်သည်။ Pact ဝန်ထမ်းများနှင့် Pact ၏ အစီအစဉ်များတွင် ပါဝင်သူများ ဘေးကင်းလုံခြုံ၍ လူကုန်ကူးရန် ခြိမ်းခြောက်မှုများ သို့မဟုတ် လုပ်ဆောင်ချက်များတွင် မပါဝင်နိုင်ရန် ကျွန်ုပ်တို့သည် လူကုန်ကူးမှု အချက်ပြလက္ခဏာများကို သတိပြုရပါမည်။ Pact သည် လူကုန်ကူးမှုတွင် ပါဝင်ပတ်သက်နိုင်သည့် ပြင်ပအဖွဲ့အစည်းများနှင့် အလုပ်မလုပ်ကြောင်း သေချာစေရန်လည်း လိုအပ်ပါသည်။ နောက်ထပ်အချက်အလက်များကို သိရှိရန် Pact ၏ လူကုန်ကူးမှု တိုက်ဖျက်ရေး မူဝါဒကို ကြည့်ရှုပါ။

## လျှို့ဝှက်ထားရှိမှု

ကျွန်ုပ်တို့သည် ကမ္ဘာတစ်ဝှမ်းရှိ ဝန်ထမ်းများနှင့် အစီအစဉ်တွင် ပါဝင်သူများထံမှ ကျန်းမာရေးနှင့် ပတ်သက်သော အချက်အလက်များ အပါအဝင် ကိုယ်ရေးကိုယ်တာ လျှို့ဝှက်အချက်အလက်များကို စုစည်းရယူ၍ သိမ်းဆည်းပါသည်။ ကိုယ်ရေးကိုယ်တာနှင့် လျှို့ဝှက်အချက်အလက်များကို ဝင်ရောက်သုံးစွဲခွင့်နှင့် အသုံးပြုမှုကို ကန့်သတ်ရာတွင် Pact မူဝါဒများကို ရင်းနှီးကျွမ်းဝင်အောင် လုပ်ရန်မှာ သင့်တာဝန်ဖြစ်သည်။

ယေဘုယျအားဖြင့် Pact သည် မလိုအပ်သော သို့မဟုတ် မတောင်းဆိုသော ကိုယ်ရေးကိုယ်တာနှင့် လျှို့ဝှက်အချက်အလက်များကို စုစည်းရယူခြင်းမရှိပါ။ သင်၎င်းကို မလိုအပ်ပါက မှတ်တမ်းမတင်ပါနှင့်။ ယင်းအချက်အလက်ကို စုစည်းရယူရန် လိုအပ်ပါက ၎င်းကို Pact စနစ်များတွင် လုံခြုံစွာထားရှိရန်နှင့် သိရှိရန်လိုအပ်သည့် ခွင့်ပြုချက်ရထားသူများကိုသာ သုံးစွဲခွင့်ပေးရန်မှာ သင့်တာဝန်ဖြစ်သည်။ တစ်ခါတစ်ရံတွင် စီမံကိန်း သို့မဟုတ် စေ့စပ်ဆွေးနွေးမှုအရ သင်သည် လျှို့ဝှက်အချက်အလက်များကို ပြင်ပအဖွဲ့အစည်းထံသို့ ထုတ်ဖော်ပြောကြားရနိုင်ပါသည်။ သိရှိရန်လိုအပ်သည့် အခါမျိုးတွင်သာ ထိုအချက်အလက်များကို ထုတ်ဖော်ရမည်ဖြစ်ပြီး မထုတ်ဖော်ရ သဘောတူညီချက်ကို ပြုလုပ်သင့်သည်။

## Pact ၏ ပစ္စည်းများကို အသုံးပြုခြင်း

Pact ၏ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ (ဥပမာ၊ ကွန်ပျူတာများ၊ မိုဘိုင်းစက်ကိရိယာများ၊ ကွန်ရက်) ကို သုံး၍ သင်ပြုလုပ်သောအရာများ သို့မဟုတ် ကျွန်ုပ်တို့၏ အဆောက်အအုံများတွင် သိမ်းဆည်းထားသော

ပစ္စည်းများ (ဥပမာ၊ အဆိုပြုချက်များ၊ ရှင်းလင်းတင်ပြချက်များ၊ အစီရင်ခံစာများနှင့် အခြားစာရွက်စာတမ်းများ) ကို အဖွဲ့အစည်းအတွင်းနှင့် ပြင်ပရှိ လူများအား ထုတ်ဖော်ပြောကြားခြင်း ရှိနိုင်ပါသည်။ Pact သည် ဥပဒေ သို့မဟုတ် ဌာနတွင်း မူဝါဒအရ အီးမေးလ်၊ အသံမေးလ်၊ ကွန်ပျူတာဖိုင်များနှင့် အခြားစာရွက်စာတမ်းများတွင် ပါဝင်သည့် အကြောင်းအရာများကို စောင့်ကြည့်၊ ဝင်ရောက်သုံးစွဲပြီး ထုတ်ဖော်ပြောကြားရန် လိုအပ်နိုင်ပါသည်။ Pact အနေဖြင့် ထိုသို့ပြုလုပ်ရန် လိုအပ်နိုင်သည့် ဥပမာအချို့တွင် ဝန်ထမ်းများနှင့် သုံးစွဲသူများကို ကာကွယ်ခြင်း၊ အရင်းအမြစ်များနှင့် ပိုင်ဆိုင်မှုအား လုံခြုံအောင် ထိန်းသိမ်းခြင်း သို့မဟုတ် ဥပဒေချိုးဖောက်သည်ဟု သံသယရှိသော ဝန်ထမ်းကို စုံစမ်းစစ်ဆေးခြင်းတို့ ပါဝင်ပါသည်။

## နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှု

ကျွန်ုပ်တို့သည် အခွန်ကင်းလွတ်ခွင့် ရသည့်အတွက် Pact သည် နိုင်ငံရေးစည်းရုံးလှုံ့ဆော်ပွဲများတွင် ပါဝင်ပတ်သက်မှု မပြုနိုင်သလို အဖွဲ့အစည်းတစ်ခုအနေဖြင့် ကျွန်ုပ်တို့ ထိုသို့မလုပ်ပါ။ ဝန်ထမ်းဖြစ်သည့် သင့်အတွက် မည်သည့်အဓိပ္ပာယ် ဆောင်ပါသနည်း။ သင်သည် သီးခြားပုဂ္ဂိုလ်အနေဖြင့် နိုင်ငံရေးလှုပ်ရှားမှုများတွင် လွတ်လပ်စွာ ပါဝင်နိုင်ပါသည်။ သင်သည် ထိုသို့ပါဝင်ရန် Pact အမည်၊ Pact အချိန်ဇယား သို့မဟုတ် Pact အရင်းအမြစ်များ (ဥပမာ၊ စာရွက်၊ ပုံနှိပ်မင်၊ တံဆိပ်ခေါင်း၊ ရုံးခန်းနေရာ) တို့ကို အလွယ်တကူ အသုံးပြု၍မရပါ။ ထိုလှုပ်ရှားမှုများတွင် ပါဝင်ရန် သင့်ကိုယ်ပိုင်အချိန်ကို အသုံးပြုပါ။ Pact သည် ၎င်း၏ ဝန်ထမ်းများကို နိုင်ငံရေးအဖွဲ့ မဲပေးရန် စာရင်းသွင်းခြင်းနှင့် မဲပေးသူကာကွယ်ရေး လှုပ်ရှားမှုများတွင် တက်တက်ကြွကြွပါဝင်ရန် ရွေးချယ်ခွင့်များ ပေးပါသည်။ သင်၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုနှင့် ပတ်သက်၍ သိလိုသည်များ သို့မဟုတ် မေးခွန်းများရှိပါက [ကျင့်ဝတ်နှင့် စည်းကမ်းလိုက်နာရေးရုံး](#)သို့ ဆက်သွယ်ပါ။

## လူမှုမီဒီယာ အသုံးပြုခြင်း

သင်သည် သီးခြားပုဂ္ဂိုလ်တစ်ဦးအနေဖြင့် လူမှုမီဒီယာကို လွတ်လပ်စွာ သုံးစွဲနိုင်ပါသည်။ သို့သော် သင်၏ လူမှုမီဒီယာ လုပ်ဆောင်ချက်များက အလုပ်တွင် စိတ်နှစ်မြှုပ် ဆောင်ရွက်နေမှုများကို နှောင့်ယှက်ခြင်း၊ Pact နှင့်ပတ်သက်သည့် လျှို့ဝှက်အချက်အလက်များကို ဖော်ထုတ်ခြင်း သို့မဟုတ် Pact အမှတ်တံဆိပ်ကို အလွဲသုံးစားပြုခြင်းတို့ မဖြစ်စေရပါ။ Pact နှင့် လူမှုမီဒီယာကို လွှမ်းမိုးသည့် ပညာရှင်ဆန်သော စံနှုန်းများနှင့်ပတ်သက်၍ သင့်တွင် မေးစရာများရှိပါက လူမှုမီဒီယာ လက်စွဲစာအုပ်ကို ကိုးကားဖတ်ရှုပါ။

## သဘာဝပတ်ဝန်းကျင်ကို အလေးထားခြင်း

Pact သည် ၎င်း၏ ဌာနတွင်း စီမံဆောင်ရွက်ချက်များတွင်သာမက ဌာနပြင်ပ အစီအစဉ်များတွင်ပါ သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့စေသောနည်းဖြင့် ဆောင်ရွက်နေသော၊ ပတ်ဝန်းကျင်ကို အလေးထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်စေရန် ကတိပြုထားပါသည်။ ကျွန်ုပ်တို့သည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင် တည်တံ့ရေး မူဝါဒတွင် သတ်မှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီသာမက ကျွန်ုပ်တို့၏လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချရန်အတွက်ပါ ကြိုတင်ဖန်တီး စီစဉ်နိုင်ရန် Pact ဝန်ထမ်းအားလုံးအနေဖြင့် ၎င်းတို့၏ အပိုင်းအလိုက် လုပ်ဆောင်ရန် လိုအပ်ပါသည်။ ဝန်ထမ်းများအနေဖြင့် အရင်းအမြစ်များကို ထိန်းသိမ်းကြပါရန်နှင့် ရုံးတွင်း၊ ရုံးပြင်တွင် ပြန်လည်သုံးစွဲရေး၊ စွမ်းအင်ထိန်းသိမ်းရေးတို့၌ ပါဝင်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများကို လျှော့ချရန် Pact က တိုက်တွန်းပါသည်။ သင်၏ ပလတ်စတစ် သုံးစွဲမှု၊ လောင်စာသုံးစွဲမှုနှင့် လျှပ်စစ်သုံးစွဲမှုကို သတိပြုဆင်ခြင်ပါ၊ သေးငယ်သည့် ပြောင်းလဲမှုတစ်ခုစီက ကြီးမားသော အကျိုးသက်ရောက်မှုများကို ဖြစ်စေနိုင်သည်။

ဖြစ်နိုင်သည့်အခါတိုင်း သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးကို ကျွန်ုပ်တို့၏ ပြည်တွင်းမိတ်ဖက်များနှင့် ဒေသတွင်း အဖွဲ့အစည်းများ သတိပြုမိလာစေရန် ရင်းမြစ်များကို ခွင့်ပြုချက်ဖြင့် သုံးစွဲစေခြင်းကဲ့သို့ ကိစ္စရပ်များကို ကျွန်ုပ်တို့က ဦးစီးဦးဆောင် နမူနာပြ၍ လုပ်ဆောင်သင့်ပါသည်။ ကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံများရှိ အခြား သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအပြင် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ၏ ပြဋ္ဌာန်းချက်များ ရှိကြောင်းကို မှတ်သားရန် အရေးကြီးပါသည်။

# လူတန်းစားမရွေး၊ လူမျိုး၊ ဘာသာမရွေး ပါဝင်မှု

*လူတန်းစားမရွေး၊ လူမျိုး၊ ဘာသာမရွေး ပါဝင်မှုသည် ကျွန်ုပ်တို့ကို အဖွဲ့အစည်းအဖြစ် ပိုမိုသန့်စွမ်းစေပြီး ကျွန်ုပ်တို့၏ အားထုတ်မှုများကို မြှင့်တင်ပေးသည်။*

## အသင်းအဖွဲ့လိုက် ဆောင်ရွက်ခြင်း

Pact သည် အသင်းအဖွဲ့လိုက် ပူးပေါင်းလုပ်ဆောင်မှုကို တန်ဖိုးထားပါသည်။ ကျွန်ုပ်တို့သည် သင့်အား ဤနေရာတွင် အဖွဲ့အစည်း တစ်ခုလုံး၏ အလုပ်ကို သင့်ကဏ္ဍ သို့မဟုတ် သင့် အစီအစဉ်အဖြစ်သာ မဟုတ်ဘဲ အားလုံးနှင့်ဆိုင်သည့် အလုပ်အဖြစ် ယူဆရန် တိုက်တွန်းပါသည်။ လုပ်ဖော်ကိုင်ဖက်များအနေဖြင့် ကျွန်ုပ်တို့အားလုံးသည် စိန်ခေါ်မှုများတွင် တစ်ဦးနှင့်တစ်ဦး ကူညီကြရန်နှင့် အောင်မြင်မှုများရရှိရန် စိတ်တူကိုယ်တူ လုပ်ဆောင်ကြရန်လိုပါသည်။ မြေမျက်နှာသွင်ပြင်နှင့် ဌာနဆိုင်ရာ ကန့်သတ်မှုများကို လျစ်လျူရှုပြီး ကွဲပြားမှုကို စုစည်းကာ ကျွန်ုပ်တို့အရင်းအမြစ်အားလုံး၏ စွမ်းရည်များကို ပေါင်းစည်းနိုင်ပါက ကျွန်ုပ်တို့ ပိုမိုကြွံခိုင်လာမည်ကို အသိအမှတ်ပြုပါ။

## မတူကွဲပြားမှု

Pact သည် နိုင်ငံအသီးသီး၊ ယဉ်ကျေးမှုများနှင့် ကိုယ်ပိုင်လက္ခဏာအသီးသီးမှ လာသည့် လူများစွာပေါင်းစုထားသည့် အစုအဝေးတစ်ခုဖြစ်သည်။ ကွဲပြားသည့် ဖွင့်ဟသံများနှင့် ရှုထောင့်မျိုးစုံကို ကျွန်ုပ်တို့ တန်ဖိုးထားပါသည်။ Pact တွင် ထိုသို့သော ကြွယ်ဝမှုကို ကာကွယ်ရန် ပုဂ္ဂိုလ်ရေးဘက်လိုက်မှုကင်းအောင် သတိထားသင့်ပြီး အားလုံးအနေဖြင့် Pact တွင် ပါဝင်ရန်သာမက ၎င်းတို့ ဤနေရာ၌ ရှိနေချိန်တွင် ကြိုးစားအောင်မြင်ခွင့် တန်းတူရှိအောင် ပြုလုပ်သင့်ပါသည်။

# တန်းတူညီမျှသော အလုပ်ထမ်းဆောင်မှုဆိုင်ရာ အခွင့်အရေးများ

Pact တွင် အလုပ်လုပ်ကိုင်မှုနှင့် ရာထူးတိုးမြှင့်မှုများသည် တစ်ဦးချင်းစီ၏ အရည်အချင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ အစွမ်းအစနှင့် တိုက်ရိုက်ဆက်စပ်သော ကျွမ်းကျင်မှုများပေါ်တွင်သာ အခြေခံပါသည်။ လိင်၊ လိင်အမျိုးအစား၊ လူမျိုး၊ အသားအရောင်၊ ဇာတိနိုင်ငံသား၊ ဘာသာရေး၊ အသက်အရွယ်၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု၊ လိင်စိတ်တိမ်းညွတ်မှု သို့မဟုတ် ဥပဒေက ကာကွယ်ထားသည့် အခြားပင်ကိုလက္ခဏာများပေါ် အခြေခံ၍ မတော်မတရား ခွဲခြားဆက်ဆံမှုကို ကျွန်ုပ်တို့ ပြင်းထန်စွာ တားမြစ်ပါသည်။ ဥပဒေများအရ ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများနှင့် ကိုက်ညီစေရန် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်လျက် ဆီလျော်သော လိုက်လျောပြင်ဆင်မှုများလည်း ကျွန်ုပ်တို့ စီစဉ်ပေးထားပါသည်။

# လုပ်ငန်းခွင်တွင် မူးယစ်ဆေးဝါး သုံးစွဲခြင်း

မူးယစ်ဆေးဝါး သုံးစွဲခြင်းသည် ကျွန်ုပ်တို့ ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် လုံခြုံရေးနှင့် မကိုက်ညီသဖြင့် အလုပ်တွင် ယင်းသို့သုံးစွဲမှုကို ခွင့်မပြုပါ။ အချို့သော ရုံးတွင်းပျော်ပွဲရွှင်ပွဲများအတွက် ဝန်ထမ်းရေးရာဌာနက ကြိုတင်ခွင့်ပြုထားခြင်း မရှိပါက ကျွန်ုပ်တို့၏ရုံးများတွင် အရက်သေစာ သောက်သုံးခြင်းကို တားမြစ်ထားပါသည်။ ကျွန်ုပ်တို့၏ရုံးများတွင် တရားမဝင် ဆေးဝါးများကို တင်းတင်းကျပ်ကျပ် တားမြစ်ထားပါသည်။

ဝန်ထမ်း၏ မူးယစ်ဆေးများ နှင့်/သို့မဟုတ် အရက်သုံးစွဲမှုသည် ဝန်ထမ်း၏ အလုပ်စွမ်းဆောင်ရည် သို့မဟုတ် ဝန်ထမ်းများ သို့မဟုတ် လုပ်ငန်းခွင်ရှိ အခြားသူများ၏ လုံခြုံမှုကို ဆိုးဆိုးရွားရွား ထိခိုက်စေသည်ဟု ယုံကြည်နိုင်သော ဆီလျော်သည့်သံသယမျိုး မန်နေဂျာတွင် ရှိနေပါက ယင်းမန်နေဂျာသည် အရက် နှင့်/သို့မဟုတ် မူးယစ်ဆေး စစ်ဆေးမှုပြုလုပ်ရန် တောင်းဆိုနိုင်ပါသည်။ သင်သည် ဆေးစွဲမှုပြဿနာ ကြုံနေရပါက ပြင်ပ အရင်းအမြစ်များကို ကူညီရှာဖွေပေးမည့် ဝန်ထမ်းရေးရာဌာနထံမှ အကူအညီ တောင်းခံပါ။

## လုပ်ငန်းခွင်တွင်း အကြမ်းဖက်မှု

Pact သည် လုပ်ငန်းခွင်တွင် မည်သည့်အကြမ်းဖက်မှု သို့မဟုတ် ခြိမ်းခြောက်မှုမျိုးကိုမျှ သည်းမခံပါ။ မည်သည့်အခြေအနေတွင်ဖြစ်စေ မည်သူမျှ အလုပ်သို့ လက်နက်ယူဆောင်လာ၍မရပါ။ ဤမူဝါဒကို ချိုးဖောက်မှုအား သင်သတိထားမိလာပါက ဝန်ထမ်းရေးရာဌာနသို့ ချက်ချင်း သတင်းပို့သင့်ပါသည်။ အကြမ်းဖက်မှု ဖြစ်လာနိုင်သည်ရှိသော် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေး ညွှန်ကြားရေးမှူးထံ ဆက်သွယ်ပါ- ဆက်သွယ်ခြင်းက အဓိကဖြစ်သည်ကို သတိရပါ။

## ကမ္ဘာလုံးဆိုင်ရာ ဘေးကင်းရေးနှင့် လုံခြုံရေး

ကမ္ဘာတစ်ဝှမ်းတွင် လုပ်ကိုင်နေသော ၎င်း၏ဝန်ထမ်းများကို ကာကွယ်ပေးရန်မှာ Pact ၏ အဓိက ဦးစားပေးအချက်ဖြစ်ပါသည်။ Pact သည် ကျွန်ုပ်တို့ဝန်ထမ်းများနှင့် ရုံးများ၏ လုံခြုံရေးကိုသာမက အားလုံး၏ ပူပန်သောကကို ထည့်သွင်းစဉ်းစားပြီး အကျပ်အတည်းကာလများတွင် အခြားသူများကို စောင့်ရှောက်မှုကာ သင့်လျော်စွာ လက်တွဲလုပ်ဆောင်နိုင်ရန်၊ အားလုံးကို စောင့်ရှောက်ပေးနေသည့် ကြီးလေးသည့်တာဝန်ကို ယူထားချိန်တွင် သစ္စာစောင့်သိမှုကို ပြန်လည်ရရှိရန် မျှော်လင့်မိပါသည်။

ကျွန်ုပ်တို့သည် ထင်မှတ်မထားသည့် အကြမ်းဖက်အန္တရာယ်ရှိနိုင်သည့် နေရာများတွင် အလုပ်လုပ်ကိုင်ပါသည်။ ရုံးအားလုံးတွင် ဒေသတွင်းဖြစ်ပွားသော အရေးပေါ်ကိစ္စများနှင့် အခြေအနေများကို ကိုင်တွယ်ဖြေရှင်းနိုင်သော ပြည်တွင်း မတော်တဆမှု စီမံခန့်ခွဲရေးအဖွဲ့နှင့် အခြေအနေအမျိုးအမျိုးအတွက် အကူအညီ၊ ဆင်ခြင်သုံးသပ်မှုများနှင့် လုပ်ထုံးလုပ်နည်းများ စုဝေးရာနေရာဟု ယူဆနိုင်သော အကျပ်အတည်းကိစ္စနှင့် အရေးပေါ်အစီအစဉ်များ ရှိသင့်ပါသည်။ အခြေအနေတစ်ခု ဖြစ်ပွားပြီး ရွေးချယ်စရာအမျိုးမျိုး ရရှိနိုင်ပါက ဝန်ထမ်းအားလုံးသည် ၎င်းတို့ အမှန်တကယ်လုပ်နိုင်သော သို့မဟုတ် အလားအလာရှိသော ပိုင်နိုင်သည့်အပိုင်းများနှင့် ရင်နှီးကျွမ်းဝင်သင့်ပါသည်။

မည်သည့်ပြဿနာပင်ဖြစ်စေ ၎င်းကို ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေး ညွှန်ကြားရေးမှူးသို့ ဆက်သွယ်တင်ပြရန် သတိရပြီး ဆက်သွယ်ရေးလိုင်းများ ဖွင့်၍ ပုံမှန်အပ်ဒိတ်လုပ်ထားကြောင်း သေချာပါစေ။ အခြေအနေသည် ပိုပြင်းထန်လာပါက Pact သည် အားလုံးအတွက် အချိန်နှင့်တစ်ပြေးညီ အကူအညီပေးရန်နှင့် ရုံးအား အကျပ်အတည်းကာလကို ဖြတ်ကျော်ရန် လမ်းညွှန်ပေးပြီး ပုံမှန်အတိုင်း ပြန်ဖြစ်စေရန် ၎င်း၏ အကျပ်အတည်း စီမံခန့်ခွဲရေးအဖွဲ့ကို အသင့်ဖွဲ့စည်းနိုင်ပါသည်။

အခြေအနေအားလုံးတွင် ဝန်ထမ်းများသည် ဆန္ဒပြပွဲများ သို့မဟုတ် ချီတက်ပွဲများ ဖြစ်ပေါ်လာနိုင်သည်ကို

သိရှိပါက ဟန့်တားနိုင်သည့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်သင့်ပြီး သတိအနေအထားနှင့် အမြဲနေသင့်ပါသည်။
ဖြစ်နိုင်သည့်အခါတိုင်း ထိုသို့ သိရှိထားသည့် အန္တရာယ်ရှိ နေရာများနှင့် ဝေးနိုင်သမျှ ဝေးဝေးနေပါ။
အခြေအနေသည် ဖြစ်ပွားခါနီးဖြစ်ပါက၊ သင်သည် အခင်းဖြစ်နေရာအနီးတွင် ရှိနေပါက အန္တရာယ်နှင့်
ကောင်းစွာဝေးသည့် လုံခြုံသည့်တစ်နေရာသို့ ခြေရာကောက်ပြေးနိုင်ပါသည်။ အခြားသူများအားလုံး
အန္တရာယ်ရှိရာနေရာကို သိရှိစေရန် ရုံးသို့ချက်ချင်း သတင်းပို့ပါ။

# တာဝန်ခံမှု

*သင်က လက်ဦးမှုရယူ၍ ပူးပေါင်းပါဝင်ခြင်း မရှိပါက
အခြားသူများလည်း လှုပ်ရှားမည် သို့မဟုတ်
ပြောင်းလဲမည်ဟု မျှော်မှန်း၍မရပါ။*

## ကျင့်ဝတ်စည်းမျဉ်းကို ဘယ်သူတွေ လိုက်နာရမလဲ။

Pact သည် ၎င်း၏ ညွှန်ကြားရေးမှူးများ၊ အရာရှိများနှင့် ဝန်ထမ်းများအား စည်းမျဉ်းကို နားလည်သိရှိပြီး လိုက်နာစေလိုပါသည်။ ထိုသို့လိုက်နာရန် ပျက်ကွက်ပါက စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ အရေးယူခြင်း ခံရနိုင်ပါသည်။ စည်းမျဉ်းကို အထူးသဖြင့် Pact ဝန်ထမ်းများနှင့် ဘုတ်အဖွဲ့ဝင်များအတွက် ရေးဆွဲထားခြင်းဖြစ်သော်လည်း Pact မိတ်ဖက်များ၊ တစ်ဆင့်ခံ လက်ခံရယူသူများ၊ ယာယီအလုပ်သမားများနှင့် Pact အတွက် အလုပ်လုပ်ပေးသော အခြားသူများအား စည်းမျဉ်း သို့မဟုတ် ကျွန်ုပ်တို့အတွက် ၎င်းတို့လုပ်ပေးရသည့် အလုပ်နှင့် ဆက်စပ်သည့် ၎င်းတို့ကိုယ်ပိုင် အလားတူ စီမံခန့်ခွဲမှုစည်းမျဉ်းကို လိုက်နာစေလိုပါသည်။ ထိုသို့လိုက်နာရန် ပျက်ကွက်ပါက Pact နှင့် ၎င်းတို့၏ ဆက်နွယ်မှုကို ရပ်စဲပစ်နိုင်ပါသည်။

## မေးစရာ သို့မဟုတ် စိုးရိမ်ပူပန်မှုရှိပါက ဘာလုပ်ရမလဲ။

Pact တွင် "ပွင့်လင်းသည့် မူဝါဒ" တစ်ခုရှိပါသည်။ သင့်တွင် မေးခွန်း သို့မဟုတ် သိလိုမှု ရှိပါက ပွင့်လင်းစွာပြောပါ။ သင့်မန်နေဂျာ၊ ကြီးကြပ်သူညွှန်မှူး သို့မဟုတ် အဖွဲ့ခေါင်းဆောင်၊ စီနီယာ စီမံခန့်ခွဲရေးအဖွဲ့ဝင်၊ ဝန်ထမ်းစီမံခန့်ခွဲရေး သို့မဟုတ် ကျင့်ဝတ်နှင့် စည်းကမ်းလိုက်နာရေးရုံးသို့ ဆက်သွယ်နိုင်ပါသည်။ ကျွန်ုပ်တို့၏ စည်းမျဉ်း သို့မဟုတ် အခြား Pact မူဝါဒတစ်ခုခုကို ချိုးဖောက်ကြောင်း သံသယရှိပါက EthicsPoint မှတစ်ဆင့်လည်း မေးခွန်း သို့မဟုတ် သိလိုသည်ကို ပေးပို့နိုင်ပါသည်။

## လက်တုံ့ပြန်မှုမခံရအောင် ကျွန်ုပ်ကို ကာကွယ်ပေးပါသလား။

စွပ်စွဲမှုသည် အခြေခံအားဖြင့် မခိုင်လုံသည့်တိုင် သဘောရိုးဖြင့် ပူပန်မှုကို တင်ပြသည့် သို့မဟုတ်

စုံစမ်းစစ်ဆေးမှုတွင် ပူးပေါင်းပါဝင်သည့် သတင်းပေးသူအား လက်တုံ့ပြန်ခြင်းကို Pact က သည်းခံမည်မဟုတ်ပါ။ လက်တုံ့ပြန်မှုတွင် ပါဝင်သည့် မည်သူမဆို မည်သည့်ရာထူးပင်ဖြစ်စေ စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ အရေးယူခြင်းကို ခံရပါမည်။ တစ်စုံတစ်ဦးသည် သင့်အားလက်တုံ့ပြန်နေသည်ဟု ယုံကြည်ပါက ဝန်ထမ်းရေးရာဌာန၊ ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေးရုံး သို့မဟုတ် EthicsPoint သို့ ဆက်သွယ်ပါ။ နောက်ထပ်အချက်အလက်များကို သိရှိရန် လက်တုံ့မပြန်ရေး မူဝါဒ (ယခင်က Pact ရှိ သတင်းပေးသူကာကွယ်ရေး မူဝါဒဟုခေါ်သည်) ကို ကြည့်ပါ။

## ကျင့်ဝတ်နှင့် စည်းကမ်းလိုက်နာမှု ဟော့လိုင်းက ဘယ်လိုအလုပ်လုပ်ပါသလဲ။

- **၎င်းကို ဘယ်အချိန်မှာ အသုံးပြုရမလဲ**

  သင်သည် အခြားဆက်သွယ်ရေးလိုင်းကို အသုံးပြုရာတွင် စိတ်မသက်မသာ ခံစားရပါက သို့မဟုတ် အခြားလိုင်းများက ထိရောက်မှုမရှိ သို့မဟုတ် မတုံ့ပြန်ဟု ယုံကြည်ပါက EthicsPoint ကို အသုံးပြုရန် တိုက်တွန်းပါသည်။

- **ဟော့လိုင်း၏ အင်္ဂါရပ်များ**

  ပြင်ပအဖွဲ့အစည်းဖြစ်သည့် EthicsPoint သည် တယ်လီဖုန်းဖြင့် သို့မဟုတ် အင်တာနက်မှတစ်ဆင့် အစီရင်ခံသူများ ပေးပို့သည့် မှတ်တမ်းများကို စီမံခန့်ခွဲသည်။ သင့်တိုင်ကြားချက်ကို အင်္ဂလိပ်ဘာသာဖြင့် သို့မဟုတ် သင့်မိခင်ဘာသာစကားဖြင့် ရိုက်ထည့်နိုင်ပြီး EthicsPoint သည် တိုင်ကြားချက်ကို ဘာသာပြန်ဆို၍ Pact သို့ တင်ပြမည်ဖြစ်သည်။ EthicsPoint ကို တစ်နေ့ 24 နာရီ ဆက်သွယ်နိုင်ပါသည်။

- **လျှို့ဝှက်ထားရှိမှု**

  သင်သည် အမည်မသိ တိုင်ကြားချက်တစ်ခုကို ပို့ရန် ရွေးချယ်နိုင်ပါသည်။ သင်သည် အမည်မဖော်ဘဲ တိုင်ကြားချက်ပို့ပါက အသေးစိတ်အချက်အလက်များ ပံ့ပိုးပေးရန် အရေးကြီးပါသည်။ EthicsPoint သည် သင့်အား အမှုနံပါတ်တစ်ခုကို ချပေးပါမည်။ သင်သည် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ အချက်အလက်တောင်းဆိုမှုများကို တုံ့ပြန်ရန် ဝက်ဘ်ဆိုဒ်သို့ ပုံမှန်သွားရောက်စစ်ဆေးသင့်သည်။

  သင့်အတွက် အဆင်ပြေမည်ဆိုပါက စိုးရိမ်ပူပန်သည့်ကိစ္စကို တင်ပြရာတွင် သင့်အမည်ကို အသုံးပြုစေလိုပါသည်။ သင့်အမည်ကို အသုံးပြုခြင်းဖြင့် ကျွန်ုပ်တို့သည် ထပ်ဆောင်းအချက်အလက်များအတွက် သင်နှင့်ထပ်မံ၍ ဆက်သွယ်နိုင်ပါသည်။ သင်သည် EthicsPoint အသုံးပြု၍ သင်မည်သူမည်ဝါဖြစ်ကြောင်း ပြောပြရန် ရွေးချယ်ပါက ကျွန်ုပ်တို့သည် သင့်အချက်အလက်များကို လျှို့ဝှက်ထားရန် ကြိုးစားအားထုတ်ပြီး သင်တင်ပြသော ပြဿနာများကို သိရန်လိုအပ်သည့် တိုက်ရိုက်ကိုင်တွယ်မည့် သို့မဟုတ် ကြီးကြပ်မည့်သူများကိုသာ မျှဝေပါမည်။

  စစ်ဆေးသူများအနေဖြင့် ရှေ့ဆက်ဆောင်ရွက်ရန် အချက်အလက်မခိုင်လုံသည့် အမှုများကို ပိတ်ကောင်းပိတ်နိုင်ပါသည်။

- **ဆောင်ရွက်မှုလုပ်ငန်းစဉ်**

  ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေးရုံးသည် အစီရင်ခံစာများကို သုံးသပ်စစ်ဆေးပြီး ဌာနတွင်း စုံစမ်းမေးမြန်းမှုကို ကိုင်တွယ်ရန်အတွက် ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေး၊ ဝန်ထမ်းရေးရာ သို့မဟုတ် ငွေကြေးဌာနကို သင့်တော်စွာ ရွေးချယ်သတ်မှတ်ပေးသည်။ အချို့သော အခြေအနေများတွင် ဌာနတွင်း စစ်ဆေးရေးဌာနမှ ဌာနတွင်း စစ်ဆေးသူ သို့မဟုတ် ပြင်ပစစ်ဆေးသူသည် ရှုပ်ထွေး၍ အလွန်အရေးကြီးသော သို့မဟုတ် အဆိုးဆုံးသော အစီရင်ခံစာများကို စစ်ဆေးရာတွင် Pact ကို ကူညီပေးနိုင်သည်။ စစ်ဆေးသူသည် စုံစမ်းမေးမြန်းမှုကို ကိုင်တွယ်ရန်အတွက် ထပ်ဆောင်း အချက်အလက်များကို လိုအပ်လျှင် အစီရင်ခံသူနှင့် ထပ်မံဆက်သွယ်ရနိုင်ပါသည်။

  တိုင်ကြားချက်သည် အထောက်အထား မခိုင်လုံပါက EthicsPoint တွင် အမှုပိတ်မည်ဖြစ်ပြီး ပိတ်သိမ်းသည့်နောက်ဆုံးရ အခြေအနေကို ပံ့ပိုးပေးပါမည်။ တိုင်ကြားချက်သည် အထောက်အထားခိုင်လုံပါက ကျွန်ုပ်တို့သည် EthicsPoint တွင် နောက်ဆုံးရအခြေအနေကို ပံ့ပိုးပေးမည်ဖြစ်ပြီး သက်ဆိုင်ရာ Pact မန်နေဂျာများသည် ဝန်ထမ်းအရေးယူမှု၊ အလှူရှင် ထုတ်ဖော်မှုများနှင့် အမှားပြုပြင်မှုဆိုင်ရာ အရေးယူမှုများ စသည်ဖြင့် ဘက်ပေါင်းစုံအတွက် သင့်တော်သော အရေးယူမှု ပြုလုပ်မည်ဖြစ်သည်။

  နောက်ဆုံးရ အခြေအနေများသည် ယေဘုယျဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် လျှို့ဝှက် စုံစမ်းစစ်ဆေးမှုများ

ပြုလုပ်ရန်နှင့် စွပ်စွဲခံရသော ဝန်ထမ်းအတွက် အလုပ်အကိုင် ခန့်အပ်မှု အချက်အလက်များကို လျှို့ဝှက်ထားရှိရန် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များအကြောင်း သိရှိရာတွင် သင့်အကျိုးစီးပွားကို အဖွဲ့အစည်း၏ အကျိုးစီးပွားနှင့် ဘက်ညီမျှအောင်လုပ်ရမည်ဖြစ်၍ အသေးစိတ်အချက်များကို ရုံဖန်ရံခါ မပံ့ပိုးပေးပါ။

- **လှည့်ဖြားလိုသော ရည်ရွယ်ချက်**

  လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် (ဥပမာ၊ မှန်ကန်သည့် အကြောင်းရင်းများ မရှိဘဲ လုပ်ကြံတိုင်ကြားချက်များပို့ရန်) ဟော့လိုင်းကို လုံးဝအသုံးမပြုပါနှင့်။ လှည့်ဖြားရန် ရည်ရွယ်ချက်ဖြင့် ပို့သော အမည်မသိ တိုင်ကြားချက်များသည် အားလုံးအတွက် ဟော့လိုင်း၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်။

## ကျင့်ဝတ်စည်းမျဉ်းကို ချိုးဖောက်မှုများအတွက် ခံယူရမည့် အကျိုးဆက်များ ရှိပါသလား။

ရာထူး သို့မဟုတ် လုပ်သက်က မည်မျှပင်ရှိနေစေကာမူ Pact ၏ စည်းမျဉ်းကိုဖြစ်စေ ၎င်း၏ အရေးကြီးသော မူဝါဒများကိုဖြစ်စေ ချိုးဖောက်သူ မည်သူမဆို အလုပ်မှရပ်စဲခြင်း အပါအဝင် စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ အရေးယူခြင်းကို ခံရနိုင်ပါသည်။ အောက်ပါတို့သည် စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ အရေးယူခြင်း ခံရနိုင်သည့် စည်းကမ်းချိုးဖောက်မှု နမူနာအချို့သာ ဖြစ်ပါသည်-

စည်းမျဉ်း ချိုးဖောက်ခြင်း သို့မဟုတ် အခြားသူများအား<br>
စည်းမျဉ်းချိုးဖောက်ရန် ညွှန်ကြားခြင်း<br>
စည်းကမ်းချိုးဖောက်မှုများ သို့မဟုတ် သံသယရှိသော<br>
ချိုးဖောက်မှုများကို တိုင်ကြားရန်ပျက်ကွက်ခြင်း<br>
ပူးပေါင်းပါဝင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် အခြားနည်းဖြင့် စစ်ဆေးမှု သို့မဟုတ်<br>
စုံစမ်းစစ်ဆေးမှုကို ကြန့်ကြာစေခြင်း<br>
ကိစ္စတွင် ဝင်ပါသည့်အတွက် အခြားသူများကို လက်တုံ့ပြန်ခြင်း

ထို့ပြင် ဥပဒေများ သို့မဟုတ် စည်းမျဉ်းများကို ချိုးဖောက်ပါက သင်၊ သင့်အပေါင်းအပါများ၊ Pact သို့မဟုတ် ၎င်း၏မိတ်ဖက်များ သို့မဟုတ် ပံ့ပိုးသူများကို ဥပဒေအရ အရေးယူနိုင်ပြီး အောက်ပါတို့ကို ဖြစ်ပေါ်စေနိုင်သည်-

| | | | |
|---|---|---|---|
| ဒဏ်ငွေကောက်ခြင်း | ဝင်ခွင့်ပိတ်ပင်ခြင်း | တာဝန်မှဆိုင်းငံ့ခြင်း | ထောင်ချခြင်း |

# နိဂုံး

လေးစားမှု၊ သမာသမတ်ကျမှုနှင့် လူတန်းစားမရွေး၊ လူမျိုး၊ ဘာသာမရွေး ပါဝင်မှုကို အမှန်တကယ်တန်ဖိုးထားသည့် အဖွဲ့အစည်းတစ်ခု ဖြစ်စေရန် Pact သည် ဝန်ထမ်းအားလုံးကို တူညီသော စံနှုန်းများနှင့် မျှော်မှန်းချက်များအတိုင်း ဖြစ်မြောက်စေရန် တာဝန်ယူခိုင်းရပါမည်။ သင်၏ ဤကျင့်ဝတ် စည်းမျဉ်းနှင့်အညီ လုပ်ဆောင်ခြင်းက Pact ၏ စံနှုန်းများတွင် သင် စိတ်နှစ်မြှုပ်ထားကြောင်း အတည်ပြုလိုက်ခြင်းပင်ဖြစ်သည်။

**လူတန်းစားမရွေး၊ လူမျိုး၊ ဘာသာမရွေး ပါဝင်မှုဆိုသည်မှာ လူသား အားလုံး လွတ်လပ်စွာ ပူးပေါင်းပါဝင်၍ ပံ့ပိုးဖြည်းဆည်းရန် လုံခြုံသည့် ပတ်ဝန်းကျင်တစ်ခုကို ထူထောင်ခြင်းဖြစ်သည်။**

